# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ
# (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၅)
# ၁၃၅၇ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
# (၁၉၉၅ ခုနှစ်၊ မေလ ၄ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

၁။ ဤဥပဒေကို **ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေပုဒ်မ ၂၇ နောက်တွင် အောက်ပါတို့ကို ပုဒ်မ ၂၈၊ ပုဒ်မ ၂၉၊ ပုဒ်မ ၃၀၊ ပုဒ်မ ၃၁ နှင့် ပုဒ်မ ၃၂ တို့အဖြစ် ဖြည့်စွက်ရမည် -

၂၈။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၉။ ပုဒ်မ ၂၈ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါ နည်းဥပဒေကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို ဆက်လက်ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ် ကျပ် ၂၀၀ မှ အများဆုံး ငွေဒဏ်ကျပ် ၁၀၀၀ အထိ ချမှတ်ရမည်။

၃၀။ မည်သူမဆို ဤဥပဒေနှင့်အညီ ကော်မတီက ထုတ်ပြန်သည့် အမိန့်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် သုံးလအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၁။ ပုဒ်မ ၃၀ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါ အမိန့်ကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့် နေ့ အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ် ကျပ် ၁၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၅၀၀ အထိ ချမှတ်ရမည်။

၃၂။ ရန်ကုန်မြို့တော် မြူနီစီပယ်အက်ဥပဒေတွင် ပြစ်မှုတစ်ရပ်ရပ်အတွက် ချမှတ်ရမည့် ပြစ်ဒဏ်ကို မည်သို့ပင် ပြဋ္ဌာန်းသတ်မှတ်ထားစေကာမူ ယင်းပြစ်မှုသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ သို့မဟုတ် အမိန့်တွင် အကျုံးဝင် သည့် ပြစ်မှုဖြစ်ပါက ဤဥပဒေအရ သတ်မှတ်ထားသည့် ပြစ်ဒဏ်ကိုသာ ချမှတ်ရမည်။

၃။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၂၈ ကို ပုဒ်မ ၃၃ အဖြစ် သတ်မှတ်ရမည်။

(ပုံ)

သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့